The Arakan International
The Arakan International
နိုင်ငံတကာရေးရာရက္ခိုင်သတင်းစဉ်

# နဂါးပါတ်ါ ကျားပါတ်ါ (အပိုင်း–၁)

(ဆောင်းပါးဟောင်းများကို ပြန်လည်တင်ပြခြင်း / မောင်သာပေါ် (ရမ်းဗြဲ) )

*(အောက်ဖော်ပြပါ နဂါးပါ်ဝ်ါကျားပါ်ဝ်ါ ဆောင်းပါးကို ၂၀၀၅ ခုနှစ်ထဲတွင်သုတေသနပြုလျှက်ဘာသာပြန်ဆို ရီးသားခ ခြင်းဖြစ်ပါသည်။)*




လွန်ခရေ အနှစ်(၄၀၀)လောက် သမိုင်းတစ်လျှောက် ကမ္ဘာကြီးအပေါ်ဩဇာလွှမ်းမိုးမှု၊ တနည်းအားဖြင့် ကမ္ဘာ့အာဏာပါ်ဝ်ါရေ နီရာနှစ်နီရာမှာ ဖြစ်တည်နီခ ပါရေ။ ပထမ တစ်ခုက ၁၆ ရာစုဝန်းကျင်မှာစတင်ရေ ဥရောပနိုင်ငံတိ၏အတက်ကာလ။ ကိုလိုနီ နယ်မြီတိအများကြီးပိုင်ဆိုင်ထားရေ ဥရောပနိုင်ငံတိ အကြီးအကျယ်ကြွယ်ဝချမ်းသာပြီးကေ ကမ္ဘာ့အခင်းအကျင်းအားလုံးရေ ဥရောပ လက်ထဲမှာ။ ၁၉ ရာစုနှောင်းပိုင်းလောက်ကနီ ၂၀ ရာစုထဲမှာတော့ကေ ကမ္ဘာ့ပါ်ဝ်ါကို ဥရောပသားတိက အမေရိကန်ပြည်ထောင်စုလက်ထဲကိုထိုးအပ်လိုက်ရပါရေ။ ကမ္ဘာ့နိုင်ငံရေးနန့်စီးပွါးရေးနယ်ပယ်မှာ (ဇာလူတိဇာပိုင်ပြောပြော) အပြီးသတ်အဆုံးအဖြတ်ရေ အမေရိကန်ရို့လက်ထဲမှာပါ။ အမေရိကန်က ဇာဖက်သို့ယိုင်ဖို့လဲဆိုစွာကို အားလုံးကသတိကြီးကြီးနန့်စောင့်ကြည့်နီကတ်ရရေသဖေါမှာဟိရေလို့ ပြောကေ ရလောက်ပါယင့်။

အကြမ်းဖျင်းပြောကတ်ပါမေ။ ၁၇ နန့် ၁၈ ရာစုရေ ဥရောပ အတွက်၊ ၁၉ နှောင်းပိုင်းနန့် ၂၀ ရာစုရေ အမေရိကန်ရို့အတွက်ဖြစ်ခ ကေ ဒေ ၂၁ ရာစုနန့် အနာဂါတ်အတွက် (တချို့ အရှိန်ပြင်းပြင်း ၊ တချို့ဖြည်းဖြည်းနန့်မှန်မှန်တက်လာနိန်ရေ တရုတ်၊ အိန္ဒိယ၊ ဂျပန်၊ ကိုရီးယား အစဟိရေ အာရှက နဂါးနိုင်ငံ၊ ကျားနိုင်ငံတိ၏ ကြောက်ကောင်းထမန်းမြင့်တက်လာနီရေစီးပွါးရေးအရှိန်အဟုန်ကြောင့်) ကမ္ဘာ့ပါ်ဝ်ါရေ အရှို့ဖက်သို့ယိုင်ကျလားစရာအလားအလာတိအများကြီးဟိနီရေ’ ဆိုစွာကို ကမ္ဘာ့နိုင်ငံရေးသိပ္ပံပညာရှင်တိ၊ စာနယ်ဇင်းသမားတိကျယ်ကျယ်ပြန့်ပြန့် ပြောဆိုလာကတ်ပါယာ။ ယင်းအထဲမှာမှတစ်ခါ ဆူပါ ပါ်ဝ်ါသျှင် အမေရိကန်ပြည်ထောင်စုကို မသိမသာတစ်မျိုး၊ သိသိသာသာတစ်မျိုး စိန်ခေါ်လာနီစွာကတော့ကေ ကမ္ဘာ့အရှို့ဖျားက တရုတ်နဂါးကြီးပါ။



တရုတ်ပြည် မဟာတံတိုင်းကြီး

အမေရိကန်ပိုင်ယူနိုကယ်ရီနံကုမ္ပဏီကို တရုတ်က (အမေရိကန်ဒေါ်လာ ၁၈ ဘီလီယံပီးပနာ) ဝယ်ယူဖို့ ကမ်းလှမ်းလိုက်တေသတင်းကြောင့် အမေရိကန်နိုင်ငံထဲမှာ ဆူဆူညံညံ အသံတိကြားလာရပါယာ။ တရုတ်စွာ အမေရိကန်ရို့အတွက် ဘဏ်ရှင်ဖြစ်မှန်းမသိဖြစ်နီယာလား၊ အမေရိကန်၏ အထင်ကရကုမ္ပဏီကြီးတိ၊ အစုရှယ်ယာတိရေ တရုတ်ရို့လက်ထဲကိုရောက်လားခယာလား၊ အမေရိကန်က အရောင်းသမား၊ တရုတ်ကအဝယ်တော်ဖြစ်နီယာလား – ဆိုရေ ‘လား’ ပေါင်းများစွာတိကိုဖြေဖို့အတွက် အခြေအနေမှန်တိကို တဖဲ့ချေ သုံးသပ်ကြည့်ကတ်ပါမေ။

အမေရိကန်ရို့က အလှအပကို မြတ်နိုးကတ်ပါရေ။ သို့သော် ကြီးမားကျယ်ပြန့်မှုပမာဏ နန့် ဒုဒယ် ကို ပိုလို့အလီးထား၊ ခုံမင်ကတ်စွာတော့ကေအမှန်ပါ။ အမေရိကန်ရို့နှစ်သက်တတ်တေ သဖေါသဘာဝတိကို တစ်ချက်ကြည့်ပါ။ ဂရန်းကန်ယွန်၊ ကယ်လီဖိုးနီးယားသစ်တောကြီး၊ ဒစ္စနယ်ကမ္ဘာ၊ အက်စ်ယူဗွီ၊ အမေရိကန်လက်နက်ကိုင်တပ်ဖွဲ့ကြီး၊ ဟန်ဘာဂါနှစ်ထပ်ပေါင်မုန့်ကြီး အစဟိသည်ဖြင့်၊ ဥရောပသားတိက ကူးလူးဆက်ဆံရောနှော့မှုနန့် အရောင်အသွီး၊ အမျိုးအမယ် စုံလင်မှုတိကို နှစ်သက်သဖောကျကတ်ပြီးကေ ဂျပန်ရို့အတွက်ကတော့ကေ ငယ်ရွယ်ကျစ်လစ်မှုနန့် အသေးစိပ်တိကျမှုက ပိုလို့အရေးကြီးရေလို့ ဆိုပါရေ။

အရွယ်အစားကြီးကြီး၊ ဒုဒယ်ပမာဏကြီးကြီးမားမားတိကို တန်ဖိုးထား၊ အလီးထားတတ်တေ သဘာဝသည်ပင်လျှင် အမေရိကန်ရို့အဖို့ တရုတ်ကို စိတ်ဝင်စားမှုဖြစ်စီရေ အကြောင်းရင်းတစ်ရပ်ဖြစ်ကောင်းဖြစ်နိုင်ပါရေ။ တရုတ်ပြည်ဆိုစွာက နိုင်ငံဧရိယာ ၃၆၉၆၁၀၀ စတုရန်းမိုင်ဟိပါရေ။ လူဦးရေအားဖြင့် လည်း (၁.၃ ဘီလီယံ) အမေရိကန်ထက်လေးဆလောက်များပါရေ။ ‘တိုင်းပြည်ကြီးသလောက်၊ လူဦးရေများသလောက် တရုတ်ရို့ ဆင်းရဲတွင်းနက်ကတ်တေ’ ဆိုရေစကားတိကိုလည်း အေဂုအချိန်မှာတစ်ယောက်လည်းမပြောနိုင်ပါယာ။ တရုတ်ရို့၏ ဒုဒယ်ကြီးသလောက် အရည်အချင်းပြည့်ဝရေဆွဲဆောင်မှုတိကိုတစ်ကမ္ဘာလုံးက လှည့်မကြည့်လို့မရပါယာ။ အမေရိကန်–တရုတ် ကုန်သွယ်မှုမှာတရုတ်ရို့ဇက်က အခဆပေါင်းများစွာသာလွန်နီမှု၊ အမေရိကန်ကုမ္ပဏီတိအပါအဝင် ကမ္ဘာ့ကုမ္ပဏီကြီးတိကို တရုတ်လုပ်ငန်းရှင်ကြီးတိက တိုးမြှင့်ဝယ်ယူလာမှုတိကို ကြည့်နီယင်းနန့် အမေရိကန်ရို့အဖို့ (မယုံကြည်နိုင်လောက်အောင်) အံ့မကျမက်တေပိုင်ဖြစ်နီကတ်ပါယာ။ တရုတ်ရို့၏ ဇရာမ စီးပွါးရေးအဆောက်အဦတည်ဆောက်လာနီမှုနန့် ပါဝါပိုင်းဆိုင်ရာ ခြိမ်းခြောက်လာမှုတိရေ တစ်ရက်တစ်ခြားမြင့်တက်လို့လာနီစွာပါ။

ကမ္ဘာ့စီးပွါးရေးလုပ်ငန်းရှင်တိုင်းရေ ‘တရုတ်ပြည်’ ဆိုရေကြီးမားကျယ်ပြန့်ရေဈီးကွက်ကြီးနန့် ယင်းဈီးကွက်ထဲကတဆတ်ဆတ်မြင့်တက်လာနီရေ ကိန်းဂဏန်းတိကို စိတ်မဝင်စားပဲ၊ ဂရုမပြုပဲနီလို့ကို မရပါ။ တရုတ်ပြည်ရေ လက်ဟိကမ္ဘာမှာကျောက်မီးသွီးအထွက်ဆုံးနိုင်ငံ၊ သံမဏိအထွက်ဆုံးနိုင်ငံ၊ ဘိလပ်မြေထုတ်လုပ်တင်ပို့မှုအများဆုံးနိုင်ငံ၊ စွမ်းအင်သုံးစွဲမှုမှာဒုတိယအများဆုံးနိုင်ငံ၊ ရီနံဆီဝယ်ယူတင်သွင်းမှုမှာ တတိယအများဆုံးနိုင်ငံဖြစ်ပါရေ။ လွန်ခရေ ၁၅ နှစ်တာကာလတလျှောက်မှာ အမေရိကန်နိုင်ငံသို့ တရုတ်ရို့တင်သွင်းရေ ပြည်ပပို့ကုန်ပမာဏရေ ရာခိုင်နှုန်း(၁၆၀၀)လောက်မြင့်တက်ပါလတ်ပါရေ။ အမေရိကန်က တရုတ်ပြည်သို့တင်သွင်းရေပို့ကုန်က ၄၁၅ ရာခိုင်နှုန်းလောက်ရာတိုးတက်လာခစွာပါ။

ကျေးဇူးတင်ပါသည်။ အားလုံး ကျကျန်းမမာ ချချမ်းသသာ ဖြစ်ကြပါစေ။ ။

# နဂါးပါ်ဝါ ကျားပါ်ဝါ (အပိုင်း–၂)

(ဆောင်းပါးဟောင်းများကိုပြန်လည်တင်ပြခြင်း / မောင်သာပေါ် – ရမ်းဗြဲ )

*(နဂါးပါ်ဝါကျားပါ်ဝါ ဆောင်းပါးကို ၂၀၀၅ ခုနှစ်ထဲတွင်ဘာသာပြန်ဆိုရီးသားခ ခြင်းဖြစ်ပါသည်။)*




တရုတ်ရို့၏ အံ့ရလောက်အောင်တိုးတက်လာနီမှုကို ရှန်ဟိုင်း က ပြသနီစွာအထင်အယှားပါ။ ရှန်ဟိုင်းအရှို့ဖက်က ပူဒေါင် (Pudong) ကိုကြည့်ပါ။ လွန်ခရေ ၁၅ နှစ်လောက်က ပူဒေါင်ရေ ဖွံ့ဖြိုးမှုကကောင်းနည်းရေ၊ ဆင်းရဲသားတိနီရေဒေသတစ်ခုပါ။ ဒေနို့ ပူဒေါင်ရေ လန်ဒန်က ငွီကြီးစျီးကွက်သစ်ဖြစ်တေ ကာနရီရာ့ဗ်(Canary Wharf)ထက် (၈)ဆလောက်ကြီးပြီးကေ(အမေရိကန်နိုင်ငံကတတိယအကြီးဆုံးမြို့ဖြစ်တေ ချီကာဂိုမြို့ထက် တဖဲ့ချေရာငယ်ရေ) ရှန်ဟိုင်းငွီကြီးဗဟိုအချက်အချာ ဘဏ္ဍာရေးနယ်မြီကြီးဖြစ်နီပါယာ။ ကမ္ဘာကျော်ကုမ္ပဏီကြီးတခုဖြစ်တေ စတားဘာ့ဂ်(Star Bucks) ကုမ္ပဏီ၏အမှုဆောင်အရာဟိချုပ် ဟောင်းဝါ့ပ် က လာဖို့ သုံးနှစ်လောက်ကာလအတွင်းမှာ (စတားဘာ့ဂ်) စားသောက်ကုန်နန့်လဖက်ရည်ဆိုင်အရေအတွက်ရေ အမေရိကန်မှာထက် တရုတ်ပြည်မှာပိုလို့များလာနိူင်ဖွယ်ဟိရေ လို့ စီအန်ဘီစီ ရုပ်မြင်သံကြားတို့ဆုံခန်းတစ်ခုမှာ မှတ်ချက်ချပြောဆိုလားခပါယင့်။

စက်မှုတော်လှန်ရေးခေတ်အမြင့်ဆုံးအချိန်ကာလက ဗြိတိန်ကို ‘ကမ္ဘာ့အလုပ်ရုံကြီး’ (The Workshop of the World) လို့ခေါ်ဝေါ်သမုတ်ခ ကတ်ပါရေ။ ဒေနို့ ယင်းဘွဲ့နာမည်ကို ဗြိတိသျှရို့အနီနန့် တရုတ်ရို့လက်ထဲကို ပီးအပ်လိုက်ရပါယာ။ မိတ္တူကူးစက် (Copiers)၊ အပူပီးစက် (Microwave)၊ ဒီဗွီဒီပြစက်၊ ရှူးဖိနပ်ထုတ်လုပ်မှုတိမှာ တစ်ကမ္ဘာလုံး ထုတ်လုပ်မှုအားလုံး၏ သုံးပုံနှစ်ပုံကိုတရုတ်ကလုပ်ပါရေ။ ငါးနှစ်သားအရွယ်ကျွန်တော့သားချေက ‘မောင်မောင်ရို့ကဇါပ်နီရေ အရုပ်တိအားလုံး ချိုင်းနားကလုပ်စွာမလားပါပါ’ လို့ပြောလာကေ ကျွန်တော်ငြင်းစရာအကြောင်းတခုလည်းမဟိပါ။ ဟုတ်ပါရေ။ ကမ္ဘာ့ (အချေတိ ကဇါပ်တေ) အရုပ်ချေထုတ်လုပ်မှုမှာလည်း တရုတ်ပြည်စွာ ထိပ်ဆုံးမှာပါ။



ပူဒေါင်ရပ်ကွက် – ရှန်ဟိုင်း (တရုတ်ပြည်)

ကောင်းယာ။ ယင်းလောက်ထိ ထုတ်ကုန်များများကို (တခြားတိနန့်စာဖို့ဆိုကေ) စျီးနှုန်း သသက်သသာ နန့် တရုတ်ရို့ဇာအတွက် ထုတ်နိုင်ကတ်တေလဲ။ တရုတ်ရို့၏အဓိကအားသာချက်က “ကြီးမားကျယ်ပြန့်ရေ စျီးကွက်ဟိမှု” နန့် “အရည်အသွီးမြင့်ပြီးကေ စျီးပေါ်ရေအလုပ်သမားတိကိုနီရာတိုင်းမှာရနီနိုင်ခြင်း” ပါ။ ယင်းအချက်နှစ်ခုတည်းကပင်လျှင် နိုင်ငံခြားရင်းနှီးမြှုပ်နှံရေးသမားတိကို လျှာရည်ကျစီပါရေ။ ဥပမာ ကမ္ဘာ့အကြီးဆုံး အမေရိကန်အစုစပ်ကုမ္ပဏီကြီး ဝါလ်မာ့ (Wal-Mart) ကိုကြည့်ပါ။ ဝါလ်မာ့ ဆိုစွာက (အများသိကတ်တေ) မိုက်ကရိုဆော့ (Microsoft) ကုမ္ပဏီထက်ဝင်ငွီ (၈)ဆလောက်များပါရေ။ ဇာလောက်ထိ များရေလဲဆိုကေ အမေရိကန်နိုင်ငံအမျိုးသားထုတ်ကုန်စုစုပေါင်းတန်ဖိုး (GDP)၏ ၂ ရာခိုင်နှုန်းကို ဝါလ်မာ့က ရပါရေ။ (၂၀၀၀ခုနှစ်စာရင်းအရ အမေရိကန်နိုင်ငံ၏ အမျိုးသားထုတ်ကုန်စုစုပေါင်း GDP ရေ ဒေါ်လာ ၉၆၀၈.၁ ဘီလီယံဟိပါရေ။) သူ့လက်အောက်မှာ အလုပ်သမားပေါင်း ၁.၄ သန်းအလုပ်လုပ်နီရေ ဝါလ်မာ့ ရေ ဂျီအမ် (GM)၊ ဖော့ဒ် (Ford)၊ ဂျီအီး (GE)၊ အိုင်ဘီအမ် (IBM) ကုမ္ပဏီတိ အားလုံးပေါင်းထားစွာထက်လည်း များပါသို့ရေ။ ဝါလ်မာ့ ကို ကိုယ်ကျိုးစီးပွါးတခုတည်းကိုရာကြည့်ရေ၊ အကျိုးအမြတ်ကလွဲကေ ကျန်စွာတိကိုတခုလည်းရှုမစိုက်ဆိုပြီးကေ ကြိုက်တေပိုင်ပြောပါ။ ဝါလ်မာ့ ၏ အစုရှယ်ယာ ၆၀၀၀ မှာ ၅၀၀၀ (၈၀ ရာနှုန်း) ရေ တရုတ်ပြည်မှာရောက်နီပါယာ။ မနှစ်ကတစ်နှစ်တည်းမှာပင် တရုတ်ပြည်က အမေရိကန်နိုင်ငံသို့တင်သွင်းရေ သွင်းကုန်တိထဲမှာ ဝါလ်မာ့ ကုမ္ပဏီတခုတည်းက အမေရိကန်ဒေါ်လာ (၁၈) ဘီလီယံဖိုးဟိပါရေ။

အမေရိကန်အနီနန့် တရုတ်ရို့၏ နနက်သျှသျိုင်း၊ သသိမ်မမို့စိန်ခေါ်မှုတိကို စီးပွါးရေးဆိုင်ရာ ကိန်းဂဏန်းအချက်အလက်တိမှာတောင်မက အခြားနယ်ပါယ်တိမှာပါ ရင်ဆိုင်နီရပါယာ။ ကုန်ခရေနှစ်က ကောလိပ်အကြိုသိပ္ပံနန့်စက်မှုနည်းပညာ ဘာသာရပ်ကိုလေ့လာရေကျောင်းသား ကျောင်းသူပေါင်း အမေရိကန်နိုင်ငံမှာ ၆၅၀၀၀ ဟိပြီးကေ တရုတ်ပြည်မှာ ၆ သန်းကျော်ဟိပါရေ။ ပြောစရာက ဇာလဲဆိုကေ ဂေါ်ယံသီး နန့် ပန်းသီး ပိုင်တန်ဖိုးချင်းကွာရေ လို့ပြောပါလိမ့်မေ။ အရည်အသွီးချင်းကွာရေ လို့ပြောပါလိမ့်မေ။ ယင်းချင့်မှန်ပါရေ။ ယေကေလည်း ဂေါ်ယံသီးအရေအတွက်က အဆပေါင်းများစွာပိုများနီစွာပါ။

(ဆက်လက်ဖော်ပြပါမည်။)

The Arakan International

The Arakan International

နိုင်ငံတကာရေးရာရက္ခိုင်သတင်းစဉ်

# နဂါးပါဝါ ကျားပါဝါ (အပိုင်း–၃)

(ဆောင်းပါးဟောင်းများကိုပြန်လည်တင်ပြခြင်း / မောင်သာပေါ် – ရမ်းဗြဲ )

*(နဂါးပါဝါကျားပါဝါ ဆောင်းပါးကို ၂၀၀၅ ခုနှစ်ထဲတွင် ရေးသားခ ခြင်းဖြစ်ပါသည်။)*




တရုတ်၏မြင့်တက်လာမှုကို တစ်စုံတစ်ယောက်ကလည်း ဟုတ်တိပတ်တိ ကြိုတင်ခန့်မှန်းခစွာမဟုတ်ပါ။ လက်ဟိတရုတ်ရေ ကမ္ဘာ့စီးပွါးရေး ဒုနန့်ဒယ်နန့်ဖွံ့ဖြိုး တိုးတက်မှုနှုန်း အမြင့်ဆုံးနိုင်ငံ၊ နိုင်ငံခြားဖလှယ်ငွေ (အထူးသဖြင့်အမေရိကန်ဒေါ်လာ) ပိုင်ဆိုင်ထားဟိမှုပမာဏ ကမ္ဘာမှာဒုတိယအများဆုံးနိုင်ငံပါ။ တရုတ်စစ်တပ်ရေ ကမ္ဘာ့အကြီးဆုံးစစ်တပ် (စစ်သားဦးရေ ၂ သန်း ၅ သိန်း)ပါ။ တရုတ်ပြည်ရေ ကမ္ဘာမှာကာကွယ်ရေးအသုံးစရိတ် စတုတ္ထမြောက်အများဆုံးနိုင်ငံဖြစ်ပြီးကေနှစ်စဉ် ၁၀ ရာနှုန်းကျော် ပုံမှန်တက်လာနီပါရေ။ အဖက်ဖက်ကတိုးတက်လာနီပြီးကေ နှစ်စဉ်ပြည်ပပို့ကုန်တန်ဖိုးထရီလီယံပေါင်းအများကြီးဟိနီရေတရုတ်ရို့ရေ (ဒေနှုန်းအတိုင်းရာလားနီကတ်ဖို့ဆိုကေ) ၂၀၁၅ လောက်မှာ ဂျပန်ကိုဖြတ်တက်လားပြီးကေ ၂၀၃၉ လောက်မှာ အမေရိကန်ကိုကျော်တက်လားဖို့လို့ တချို့စီးပွါးရေးပညာရှင်တိကခန့်မှန်းထားကတ် ပါရေ။

အမေရိကန်ကုမ္ပဏီကြီးတခုဖြစ်တေ မော်ဂန်စတန်လေ(**Morgan Stanley**)ကုမ္ပဏီ၏ အစီရင်ခံစာတစ်ခုမှာဖေါ်ပြချက်အရဆိုကေ တရုတ်ရို့၏စီးပွါးရေးတိုးတက်မှုရေ အံ့ကောင်းထမန်းဖြစ်ပြီးကေ (စျေးနှုန်းချိုသာရေ) သူရို့ထုတ်ကုန်တိကိုတင်သွင်းဝယ်ယူမှုကြောင့် ကျန်ရေအခြားကမ္ဘာ့နိုင်ငံတိအတွက် အကျိုးအမြတ်ဖြစ်ထွန်းစီရေ (သို့မဟုတ်) ငွေကုန်ကြေးကျသက်သာစီစွာတော့ခါအထင်အရှားပါ။ အမေရိကန်ပြည်သူတိရေ တရုတ်ပစ္စည်းတိကို ဝယ်ယူသုံးစွဲကတ်တေအတွက် လွန်ခရေဆယ်စုနှစ်အတွင်းမှာ အမေရိကန်ပြည်ထောင်စုအနီးနန့်ဒေါ်လာ ဘီလီယံ ၆၀၀ လောက် ထယ်မိရေလို့ဆိုပါရေ။

ကမ္ဘာကြီး၏ အာဏာပါဝါရေကမ္ဘာအနောက်ဖက်ခြမ်းမှာ တည်ပနာ ရာစုနှစ်တချို့ကို ဖြတ်သန်းပြီးရေ နောက်မှာ လာဖို့အနာဂါတ်မှာ ကမ္ဘာ့အရှေ့ဖက်ခြမ်းကို ရွှေ့လားဖို့အနိန်အထားတိဟိနီရေအကြောင်း၊ အထူးသဖြင့်တရုတ်ရို့၏ တဟုန်ထိုးတက်လာနီရေ စီးပွါးရေးအခြေအနေအကြောင်းကို ဒေဆောင်းပါးအစပိုင်းမှာ ကျွန်တော်တင်ပြခပါရေ။ ဒေတခါကွမ်မျူနို တရုတ်နိုင်ငံရေဘာဇောင်ပျင်လို့ ဒေပိုင်မျိုးစီးပွါးရေးအင်အားကြီးနိုင်ငံဖြစ်လာစွာလဲ။ အစိုးရကြောင့်လား၊ ခေါင်းဆောင်ကြောင့်လား၊ မူဝါဒကြောင့်လား၊ လူဦးရေကြောင့်လား၊ အခြားဖိအားတိကြောင့်လား၊ ယင်းအချက်တိအားလုံးကြောင့်လား ဆိုရေအကြောင်းရင်းတိကိုသုံးသပ်နိုင်ဖို့အတွက် တရုတ်ပြည်အထဲပိုင်းကိုဝင်ပနာ တဖဲ့ချေလောက်စပ်စုကြည့်ကတ်ပါမေ။

'တရုတ်ပြည်' လို့ပြောလိုက်စွာနန့် ကမ္ဘာအရပ်ရပ်ကလူတိ၏ ဦးနှောက်ထဲမှာပထမဦးဆုံး တန်းခါးလာခေါက်စွာက 'မဟာတံတိုင်းကြီး'၊ 'သျှောင်လိန်ကျောင်းတော်'၊ 'ပိုးထည် ကြွေထည်' ၊ 'တရုတ်ရိုးရာဝတ်စုံ'၊ 'ကွန်ဖျူးသျှပ်ဝါဒ' အစဟိရေ အကြောင်းရပ်တိပါ။ ဆိုလိုစွာက တရုတ်ရို့ရေသူရို့တိ၏ ရှို့ကျူလွန်းရေယဉ်ကျေးမှုကိစ္စ၊ ယင်းရိုးရာယဉ်ကျေးမှုတိကိုမပျောက်မပျက်ထိန်းသိမ်းထားနိုင်ရေကိစ္စ၊ သမိုင်း၊ အတွေးအခေါ်ဆိုင်ရာကိစ္စတိနန့်ပက်သက်လို့ အခြားကမ္ဘာ၏အသိအမှတ်ပြုခြင်းကိုခံထားရရေ ဆိုရေသဖေါ်ပါ။ ယေကေ ဒေနို့တရုတ်ပြည် စီးပွါးရေးအင်အားကြီးနိုင်ငံဖြစ်လာရစွာရေ သူရို့၏မပျောက်မပျက်ထိန်းသိမ်းထားရေ ယဉ်ကျေးမှုကြောင့်လား။ ယင်းပိုင်လည်းမဟုတ်ပါ။ တရုတ်ရို့ရေသူရို့၏ရိုးရာယဉ်ကျေးမှုကို အယင်ကလည်းထိန်းသိမ်းခရေ၊ အေဂုလည်းထိန်းသိမ်းကတ်နီကတ်စွာပါယာ။ နာမည်ကျော်ကွန်ဖျူးသျှပ်ဝါဒကြောင့်လား။ ယင်းပိုင်ပြောလို့လည်းမရပါ။ ကွန်ဖျူးသျှပ်ဝါဒရေ ရာစုနှစ်နန့်ချီပြီးကေ တရုတ်လူ့အဖွဲ့အစည်းထဲမှာဖြစ်တည်နိန်စွာပါ။ ယင်းဝါဒပေါ်ပြီးရေနောက်မှာလည်းတရုတ်တိဆင်းရဲမွဲတိုင်းဆင်းရဲပနာ'အိမ်ကားအဆွီး မောင်းကာကြီး' ဆိုရေ အခြေအနေပါရာ။

တရုတ်ပြည်၏တိုးတက်မှုလမ်းကြောင်းထက်သို့ ဦးတည်ရေအပြောင်းအလဲကို ၁၉၈၀ ဝန်းကျင်မှာ စတင်ခ ပါရေ။ ယင်းချင့်ရေသူရို့၏ 'မူဝါဒ' ကြောင့်ပါ။ ယင်းနှစ်ပိုင်းကာလတိအတွင်းမှာတရုတ်ပြည်ကိုဗြုန်းခနဲ အကြီးအကျယ်ပြုပြင်ပြောင်းလဲရေးဖြစ်စီရေ အခြင်းအရာ "နှစ်ရပ်" ဟိ ခ ပါရေ။

(ဆက်လက်ဖော်ပြပါမည်။)

The Arakan International

The Arakan International

နိုင်ငံတကာရေးရာရက္ခိုင်သတင်းစဉ်

# နဂါးပါတီ ကျားပါတီ (အပိုင်း–၄)

(ဆောင်းပါးဟောင်းများကိုပြန်လည်တင်ပြခြင်း / မောင်သာပေါ် – ရမ်းဗြဲ )

*(နဂါးပါတီကျားပါတီ ဆောင်းပါးကို ၂၀၀၅ ခုနှစ်ထဲတွင် ရေးသားခ ခြင်းဖြစ်ပါသည်။)*




ပထမတစ်ခုက ၁၉၇၈–၇၉ မှာ ဆိုဗီယက်ယူနီယံကအာဖဂန်နိစတန်နိုင်ငံကိုဝင်ရောက်ကျူးကျော်မှုပါ။ ကိုယ့်အနားချေက နိုင်ငံတစ်နိုင်ငံကို ဆိုဗီယက်က အင်အားသုံးပနာသိမ်းပိုက်လိုက်တေကိစ္စရေ တရုတ်ရို့ကို 'လန့်'ထွက်လားစီပါရေ။ တနည်းအားဖြင့် တရုတ်ရို့ကို အင်အားကြီးကြီးမားမားပြင်ဆင်တည်ဆောက်ဖို့ သတိပီးလိုက်တေကိစ္စတစ်ရပ်၊ တွန်းအားတစ်ရပ်ဖြစ်လားစီပါရေ။

ဒုတိယတစ်ချက်က ယင်းအချိန်မှာပင်ပြုလုပ်ခရေ တရုတ်ကွမ်မျူနစ်ပါတီ၏ ၁၁ ကြိမ်မြောက်ဗဟိုအစည်းအဝေးမှာ တရုတ်ဂေါင်းဆောင်ကြီး တိန့်သျောင်ဖိန်ရေ သမိုင်းဝင်မိန့်ခွန်းတစ်ရပ်ကို ပြောကြားခပါရေ။ ယင်းချင့်ကတော့ကေ သူ၏ 'တရုတ်ပြည်ပြုပြင်ပြောင်းလဲရေးဆိုင်ရာအဆိုပြုချက်' မိန့်ခွန်းရှည်ကြီးပင်ဖြစ်ပါရေ။

တိန့်သျောင်ဖိန်က 'တရုတ်အစိုးရနန့်တရုတ်ပြည်သူတိ အခိကအာရုံစိုက်၊ အလီးထားလုပ်ဆောင်လားစရာက ဇာလဲဆိုကေ 'ဖွံ့ဖြိုးတိုးတက်ရေးနန့်ခေတ်မှီရေး' ပင်ဖြစ်ကြောင်း၊ ယင်းအတွက်ကြောင့် ဖွံ့ဖြိုးမှုနန့်ခေတ်မှီဆန်းသစ်မှုတိ တရုတ်ရို့လက်ထဲကိုရောက်လာအောင် လိုအပ်တေပြုပြင်ပြောင်းလဲမှုဟူသမျှကို လုပ်ကိုလုပ်ရလိမ့်မေဖြစ်ကြောင်း၊ (သူရက်ပြတ်စီပြောပြောတတ်တေ) ကြောင်ဖြူဖြူ–မဲမဲ (ကြောင်အရောင်က အကြောင်းမဟုတ်) ကြွက်ရဖို့ရာ အခိကဖြစ်ကြောင်း' သမိုင်းဝင်တိုက်တွန်းပြောကြားချက်နန့်အတူ လိုအပ်တေပြုပြင်ပြောင်းလဲရေး မူဝါဒတိအားလုံးကိုချမှတ်လုပ်ဆောင်ခ စွာဖြစ်ပါရေ။ ယင်းနောက်ပိုင်းမှာ တရုတ်ပြည်သူတိရေ ဂေါင်းဆောင်ကြီးတိန့်သျောင်ဖိန် ချမှတ်တေ 'ဖွံ့ဖြိုးတိုးတက်ရေးနန့်ခေတ်မှီဆန်းသစ်ရေး' **(Development and Modernization)** လမ်းစဉ်နောက်ကို တစ်စိုက်မတ်မတ်၊ အားနန့်အင်နန့်၊ ယုံယုံကြည်ကြည် လုပ်ဆောင်ပါလတ်ကတ်စွာပင် ဖြစ်ပါရေ။

ရလဒ်က ဇာလဲဆိုကေ 'တရုတ်ပြည်၏စီးပွါးရေးရေ (၁၉၈၀ ကနိန် ၂၀၀၅ ခုနှစ်ထိ) ၂၅ နှစ်သက် တမ်းတစ်လျှောက်လုံး တစ်နှစ်ကို ၉ ရာနှုန်းကျော် ပုံမှန်တက်လာခြင်း' ဆိုရေ ကမ္ဘာ့စီးပွါးရေးသမိုင်းဝင် စံချိန်သစ်ကို တင်လိုက်ခြင်းပင်ဖြစ်ပါရေ။ ဆယ်စုနှစ် နှစ်ခုလောက်အချိန်အတွင်းမှာ (အနည်းဆုံး) တရုတ်ပြည်သူ သန်း ရာပေါင်းများစွာရေ ကမ္ဘာ့အဆင့်မှီ ဖွံ့ဖြိုးမှုအဆင့်ကိုရောက်လာလတ်ပါရေ။ တရုတ်ပြည်သူတစ်ဦးချင်းစီ၏ ပျမ်းမျှဝင်ငွေရေ လေးဆလောက်မြင့်တက်ပါလတ်ပါရေ။ အံ့သြဖို့ကောင်းစွာတစ်ခုက ကမ္ဘာ့တတိယတန်းစားနိုင်ငံကြီးတစ်နိုင်ငံရေ ခေတ်မှီဖွံ့ဖြိုးတိုးတက်တေနိုင်ငံတစ်နိုင်ငံအဖြစ်သို့ ကာလတိုတစ်ခုအတွင်းသို့ကူးပြောင်းရာမှာ လူမှုရေးပြဿနာ၊ အသွင်ကူးပြောင်းရေးပြဿနာတိ တစ်ခုလည်းကြီးကြီးမားမား ပြောပလောက်အောင် မဟိခြင်းပင်ဖြစ်ပါရေ။ ဒေကိစ္စမှာ တရုတ်အစိုးရ၏ (ဟန်ချက်ညီညီ) ပဲ့ကိုင်ဦးဆောင်နိုင်ရေ ဂေါင်းဆောင်မှုစွမ်းရည်ကို တရုတ်သမိုင်းမှာ ရာဇဝင်တွင်စီပါရေ။

*'တရုတ်အစိုးရကပြရေ (စီးပွါးရေးတိုးတက်မှုဆိုင်ရာ) ကိန်းဂဏန်းအချက်အလက်တိရေ မမှန်မကန်ပြဆိုထားစွာတိ၊ တရုတ်အရာဟိတိရေ ကမ္ဘာမှာလဒ်အစားဆုံး၊ တရုတ်ဘဏ်တိ အားလုံးနီးပါးဒေဝါလီခံရဖို့ယာ၊ ဗဟိုနန့်ဒေသဆိုင်ရာအရာဟိတိကြားမှာ ကြီးမားရေပြဿနာတိဖြစ်နီကတ်ယာ'* အစဟိရေ ကောလဟာလ သတင်းတိကိုလွှင့်နိန်ကတ်စွာတောင် ပျောက်လားခ ကတ်ပါယာ။

ဒေနီရာမှာပြောစရာနောက်တစ်ခုက တရုတ်အစိုးရ၏ ဗဟိုချုပ်ကိုင်မှုပုံစံသစ်ပင်ဖြစ်ပါရေ။ နိုင်ငံတော်လုံခြုံရေး၊ ကာကွယ်ရေး၊ ဘဏ္ဍာရေးဆိုင်ရာကိစ္စရပ်တိ၊ မူဝါဒရေးရာကိစ္စရပ်တိပိုင် အရေးကြီးရေ ကိစ္စရပ်တိကို နိုင်ငံတော်အစိုးရ(ဗဟို)က ချုပ်ကိုင်ထားပြီးကေ ဒေသဆိုင်ရာကိစ္စတိအတွက် ဒေသတွင်းကအကြီးအကဲတိကို (သတိကြီးကြီးထားပနာ) လုပ်ပိုင်ခွင့်အာဏာတိ ခွဲဝီပီးထားခြင်းပင်ဖြစ်ပါရေ။ *'အာဏာအရပ်ရပ်ကို ဗဟိုကနီ တင်းတင်းကျပ်ကျပ် ချုပ်ကိုင်ထားစွာရေ ကွန်မြူနစ်စနစ်နန့်အုပ်ချုပ်တေနိုင်ငံမှာတောင် ကောင်းကောင်းအလုပ်မဖြစ်'* လို့ ဆိုပါရေ။ လွတ်လပ်တေ ဈေးကွက်စီးပွါးရေးပုံစံသစ်တိကိုဒေသအလိုက် အကွက်ချပုံဖေါ်ပနာ နိုင်ငံခြား ရင်းနှီးမြုပ်နှံရေးသမားတိကို ဆွဲဆောင်မှုတိပြုလုပ်စီပါရေ။

(ဆက်လက်ဖေါ်ပြပါမည်။)

The Arakan International

The Arakan International

နိုင်ငံတကာရေးရာရက္ခိုင်သတင်းစဉ်

# နဂါးပါတ်ပါ ကျားပါတ်ပါ (အပိုင်း–၅)

(ဆောင်းပါးဟောင်းများကိုပြန်လည်တင်ပြခြင်း / မောင်သာပေါ် – ရမ်းဗြဲ )

*(နဂါးပါတ်ပါကျားပါတ်ပါ ဆောင်းပါးကို ၂၀၀၅ ခုနှစ်ထဲတွင် ရေးသားခ ြင်းဖြစ်ပါသည်။)*




တရုတ်၏အင်အားကြီးထွားလာမှုနန့် အတူသူ့အိမ်နီးချင်းအင်အားကြီးနိုင်ငံတစ်နိုင်ငံဖြစ်တေ အိန္ဒိယနိုင်ငံကိုတရုတ်နန့် နှိုင်းယှဉ် ပနာစီအခြားကမ္ဘာ့အသိုင်းအဝိုင်းကပြောကတ်၊ ဆိုကတ်၊ ဆွေးနွေးကတ်တေသဘာဝဟိပါရေ။ ဒေကိစ္စမှာအိန္ဒိယအစိုးရထိပ်ပိုင်းအသိုင်းအဝိုင်းတချို့ ပြောကတ်တေစကားရပ်တစ်ခုကမှတ်သားလောက်စရာပါ။ သူရို့က ဇာပြောရေလဲဆိုကေ – *အိန္ဒိယရေဒီမိုကရေစီနိုင်ငံကြီးဖြစ်ပြီးကေတရုတ်ရေကွမ်မြူနိနိုင်ငံတနိုင်ငံဖြစ်ပါရေလတ်။ ယေအတွက်နန့် တစ်ပါတီတည်းအုပ်ချုပ်တေနိုင်ငံမှာ ရီရှည်စီမံကိန်း၊ နှစ်ရှည်စီမံကိန်းကြီးတိ ချမှတ်ဖို့လွယ်ကူပါရေလတ်။ဒီမိုကရေစီနိုင်ငံတိကအစိုးရတိရေ ယင်းအခွင့်အရေးမျိုးကိုဆုံးရှုံးကတ်ရရေလို့ဆိုပါရေ။ ဇာဖြစ်လို့လဲဆိုကေအစိုးရတစ်ရပ်ရေ သူရို့၏အုပ်ချုပ်မှုပုံစံကိုအသားကျအောင် အကောင်အထည်ဖေါ်ဖို့အချိန်မရခင်မှာနေ့ာက်တစ်ကြိမ်ရွီးကောက်ပွဲကာလကိုရောက်လာတတ်ပါရေလှာတ်။ ယေအတွက်နန့်ရွီးကောက်ပွဲမှာအနိုင်ရဖို့ကိစ္စကိုအမြဲတမ်းအလီးထားနီကတ်ရရေလို့ဆိုပါရေ။ တရုတ်အစိုးရမှာက တစ်ပါတီတည်းဖြစ်တေအတွက်နန့် နှစ်ရှည်စီမံကိန်းကြီးတိချပနာ အကောင်အထည်ဖေါ်ဆောင်ရွက်လားလို့ရရေ၊ ရွီးကောက်ပွဲကိစ္စကိုပူစရာမလိုလို့* ဆိုပါရေ။ မှတ်သားလောက်တေမှတ်ချက်တစ်ခုပါ။

အမှန်မှာဒီမိုကရေစီအစိုးရမဟုတ်တိုင်း အောင်မြင်ရေနှစ်ရှည်စီးပွါးရေးစီမံကိန်းတိကို ချမှတ်နိုင်စွာတော့ ကေမဟုတ်ပါ။ အံမဝင်၊ ဂွင်မကျနန့် မှားယွင်းရေစီးပွါးရေးဆိုင်ရာမူဝါဒတိကို ချမှတ်ပနာပြည်သူတိကိုပိုလို့အကြီးအကျယ် ဒုက္ခရောက်စီရေ (ဒီမိုကရက်တစ်မဟုတ်တေ) ဂေါင်းဆောင်နန့်အစိုးရတိလည်းဟိကတ်စွာပါရာ။ ဥပမာ ဖိလိပိုင်နိုင်ငံက မားကို့စ်အစိုးရ၊ ဇိုင်ယာက မိုဘူတူအစိုးရ၊ မြန်မာနိုင်ငံက ဗိုလ်ချုပ်ကြီးနေဝင်းအစိုးရ။

သို့သော်ယင်းစံနစ်ရေ တရုတ်ရို့နန့်အလုပ်ဖြစ်တေသဖောမှာဟိပါရေ။ နယ်မြေကျယ်ပြန့်သလောက်၊ လူဦးရေများသလောက်၊ များပြားရှုပ်ထွီးလွန်းရေယဉ်ကျေးမှုတိ၊ မျိုးနွယ်စုတိအများကြီးဟိနိန်ရေ တရုတ်ပိုင်နိုင်ငံမျိုးမှာအရင်းရှင်စနစ်အစိုးရပုံစံနန့်လားဖို့ဆိုစွာရေမဖြစ်နိုင်ကြောင်း ဂျာမန်လူမှုသိပ္ပံပညာသျှင် မာ့စ်ဝပ်ဘာ (Max Weber) က နှစ်ဆယ်ရာစုအစောပိုင်းမှာထောက်ပြခဖူးပါရေ။

တရုတ်ရို့၏ပြုပြင်ပြောင်းလဲမှုနန့်မူဝါဒရေးရာတိကိုအနည်းအကျဉ်းတီးခေါက်လေ့လာအပြီးမှာဒေတစ်ခါ တရုတ်ပြည်နန့်ပြင်ပကမ္ဘာကူးလူးဆက်ဆံမှုအခြေအနေ(တနည်းအားဖြင့်)တရုတ်၏နိုင်ငံခြားဆက်ဆံရေးအခြေအနေတိကို စကေ့ချေဆက်လို့လေ့လာကြည့်ကတ်ပါမေ။

နိုင်ငံတနိုင်ငံ၏နိုင်ငံခြားရေးဆိုင်ရာမူဝါဒဆိုစွာရေအတိုချုပ်ပြောရကေ ယင်းနိုင်ငံကိုအုပ်ချုပ်တေအစိုးရ၏ပြင်ပကမ္ဘာအပေါ်အမြင်နန့်သဖောထားတိ၊တခြားနိုင်ငံတိနန့်ဆက်ဆံဆောင်ရွက်ဖို့ချမှတ်ထားရေပေါ်လစီတိကို ခေါ်စွာလို့ပြောကေရဖို့ထင်ပါယင့်။ တရုတ်ပြည်၏ဖွံ့ဖြိုးတိုးတက်မှုစတင်ရေ ၁၉၈၀ နှစ်ပိုင်းကာလတိမှာ တရုတ်အစိုးရအနီနန့်တိကျရေနိုင်ငံခြားရေးဆိုင်ရာပေါ်လစီတိ မဟိခပါ။ '၁–တရုတ်ပြည်တိုးတက်ရေးနန့်ခေတ်မှီရေး။ ၂–တရုတ်ပြည်တိုးတက်ရေးနန့်ခေတ်မှီရေး၊ ၃–တရုတ်ပြည်တိုးတက်ရေးနန့်ခေတ်မှီရေး' ဆိုစွာရေသူရို့၏အဓိကမဟာဗျူဟာပါယာ။ ယင်းအတွက်နန့်သူရို့ရေ အခြားကမ္ဘာ့ပါဝါသျှင်နိုင်ငံတိနန့်ထိပ်တိုက်ရင်ဆိုင်မှုကိုအမြဲရှောင်ရှားပါရေ။ ဆိုဗီယက်ပြည်ထောင်စုပြိုပျက်လားခရေနောက်ပိုင်းမှာကွန်မြူနိုကမ္ဘာထဲကအင်အားအကြီးဆုံး ဖြစ်ကျန်လိုက်တေတရုတ်ပြည်ရေအမေရိကန်နန့်(အရင်းရှင်)အနောက်အုပ်စုအတွက်အဓိကပစ်မှတ်ဖြစ်နီယာဆိုစွာကိုသူရို့ကိုယ်တိုင်ကောင်းကောင်းသဖောပေါက်တေတရုတ်ရို့ရေ ကမ္ဘာ့အခင်းအကျင်းတိထဲမှာအမေရိကန်နန့်ထိပ်တိုက်တွေ့ဖို့စွာကိုအမြဲရှောင်ရှားပါရေ။

ပိုလို့ပွင့်ပွင့်လင်းလင်းပြောကတ်ရဖို့ဆိုကေ အမေရိကန်ကချမှတ်တေပေါ်လစီတိကိုမသိမသာတမျိုး၊ သိသိသာသာတမျိုးထောက်ခံမှုတိကို(လိုအပ်ကေလိုအပ်တေပိုင်)ပြသတတ်ပါရေ။ တရုတ်ပြည်စီးပွါးရေးတိုးတက်မှုအတွက်အခရာကျရေ (မူဝါဒရေးရာ)ထောက်ပံ့မှုစွာအမေရိကန်ရို့အပေါ်မှာ အများကြီးမှီတည်နီရေဆိုစွာကို ပညာတတ်တရုတ်ဂေါင်းဆောင်ပိုင်းတိက ကောင်းကောင်းနားလည်ထားကတ်လို့ပါ။

(ဆက်လက်ဖေါ်ပြပါမည်။)

*The Arakan International*

*The Arakan International*

# နိုင်ငံတကာရေးရာရက္ခိုင်သတင်းစဉ်

## နဂါးပါတ်ဝါ ကျားပါတ်ဝါ (အပိုင်း–၆)




ခေတ်သစ်တရုတ်ပြည်သမိုင်းကို မျိုးဆက်၄ဆက်ခွဲပနာစီပြောဆိုသုံးသပ်ကတ်ပါရေ။ ခေတ်သစ်တရုတ်ပြည်၏ပထမမျိုးဆက်ကို မော်စီတုန်း၊ ဒုတိယမျိုးဆက်ကိုတိန့်သျောင်ဖိန်၊ တတိယမျိုးဆက်ကိုကျန်ဇီမိန်းရို့ အသီးသီးဂေါင်းဆောင်ခကတ်ပြီးကေအေဂု စတုတ္ထမျိုးဆက်ကို ဟူကျိန်းတောင် (လက်ဟိ ဇီကျိန်းပိန်)ကဦးဆောင်နိန်စွာပါ။ ယင်းမျိုးဆက် ၄ ဆက်ထဲမှာအေဂု စတုတ္ထမျိုးဆက်ရေ အကောင်းဆုံးပညာတတ်အုပ်စုပါ။ ဒေအုပ်စုထဲကဂေါင်းဆောင်ပိုင်းတိရေ (ကျူဦးမြောင်းရေ) ဆိုဗီယက်သင်ရိုးညွှန်းတမ်းတိနန့် လုံးထွီးနီခကတ်တေအယင်မျိုးဆက်တိနန့် ကကောင်းကွာပါရေ။ ဒေအုပ်စုဂေါင်းဆောင်တိရေအယူအဆအသီးသီးကို လမ်းဖွင့်ထားကတ်ပါရေ။ အရည်အချင်းပိုပြည့်ပါရေ။ ကမ္ဘာဆန်ပါရေ။ ရှို့ကိုမြော်မြင်တတ်ပါရေ။ သမိုင်းနန့်ဟိုးအယင်ကဖြစ်ရပ်တိထဲမှာ ‘လုံး’ ပနာ ခါးစာ အဖမ်းခံထားရရေ ‘အတိတ်’ နန့်လုံးဝကြီးမဟုတ်ကေတောင်မှအတိုင်းအတာတစ်ခုထိပြတ်သားနိုင်ရေနှလုံးသားသူရို့မှာဟိပါရေ။ ခေတ်သစ်ကမ္ဘာနန့်လိုက်လျောညီထွီဖြစ်အောင်ပြုပြင်ပြောင်းလဲနိုင်စွမ်း၊ အခွင့်အရေးတိကို ခရိုင်မမာဖမ်းယူနိုင်စွမ်း၊ တချိန်တည်းမှာပင်သင်ယူပနာ၊ လေ့ကျင့်ပနာ၊အခြေအနေကိုမပြတ်သုံးသပ်ပနာမောင်းနှင်နိုင်ရေ ပါးနပ်လိမ္မာမှုသူရို့မှာဟိပါရေ။ တရုတ်ကွန်မြူနစ်ပါတီဗဟိုသင်းတန်းကျောင်း၏ကျောင်းအုပ်ကြီးဟောင်း သမ္မတဟူကျိန်းတောင်ဆိုကေနိုင်ငံရပ်ခြားတိကိုခရီးထွက်ကေတောင်မှ သူနန့်အတူပါလာရေအဖွဲ့ဝင်တိ၏ ထင်မြင်ယူဆချက်တိ၊ အကြံဉာဏ်နန့်အကဲဖြတ်မှုတိကိုအမြဲတမ်း တလေးတစားနားထောင်တတ်တေ ပုဂ္ဂိုလ်တစ်ယောက်လို့ဆိုပါရေ။

အားလုံးနီးပါးကအသက် ၆၀ နန့် ၆၀ ကျကျော်ပတ်ဝန်းကျင်မှာရောက်နီကတ်ယာဖြစ်တေလက်ဟိတရုတ်ဂေါင်းဆောင်တိရေ ကွန်မြူနိတော်လှန်ရေးကာလမှာတခုလည်းနားမလည်သိ့ရေ ‘အချေ’ ဘဝပါ။ ယေကေလည်းဒေပုဂ္ဂိုလ်တိရေ မဟာခုန်ပျံကျော်လွှားမှုကာလ (**Great Leap Forward**) နန့်ယဉ်ကျေးမှုတော်လှန်



*ယူနန်ခရိုင်မှ ဗုဒ္ဓဘာသာဘုရားကျောင်းတော်*

ရေးကာလတိမှာတော့ ကောင်းကောင်းအရှယ်ရောက်နီကတ်ပါယာ။ ယေဖူးနန့်နိုင်ငံရေးဖရိုဖရဲကာလမှာ ဇာပိုင်ပုံစံမျိုးနန့်အကောင်းဆုံးရှင်သန်၊ နီထိုင်ရဖို့ဆိုစွာကို သူရို့ဖြတ်သန်းလာရေအတွေ့အကြုံတိအရ ကောင်းကောင်းနားလည်သဖောပေါက်ထားကတ်ပြီးသားပုဂ္ဂိုလ်တိ ဖြစ်ပါရေ။

တရုတ်နန့်အမေရိကန်ပါဝါတည်ဆောက်ပုံချင်းကွာခြားရေအချက်ကို (ထိပ်တန်းတရုတ်ဂေါင်းဆောင်တိ၊ တရုတ်အသိ ပညာသျှင်၊ အတတ်ပညာသျှင်တိနန့် တွေ့ဆုံမိန်းမြန်းခန်းတိလုပ်ခရေ) ဂျိုယွာကိုပါရာမို က သူ၏ **(The Beijing Consensus)** စာတမ်းထဲမှာရွီးထားစွာကိုကြည့်ပါ။

*'အမေရိကန်ကလက်နက်အင်အားကိုသုံးပနာကျူးကျော်မှုတိ၊ အခြားကမ္ဘာ့အသိုင်းအဝိုင်း၏သဖေါထားအမြင်တိကိုဂရုမစိုက်မှုတိ၊ သည်းခံမှုတစ်စွလည်းမဟိရေပေါ်လစီမျိုးကိုကျင့်သုံးမှုတိနန့် လူကျယ်(လဂျေ)ပုံစံမျိုးပါဝါကိုတည်ဆောက်ပါရေ။ တရုတ်ကသူ့နယ်မြီ၊ အချုပ်အချာအာဏာနန့် အမျိုးသားလုံခြုံမှုတိအပေါ် အကာအကွယ်ပီးရေးကိုမှုလပဓါနထားပနာ နိုင်ငံ၏စီးပွါးရေးတိုးတက်မှုအပေါ်အခြီခံပြီးကေ သူ့ပင်ကိုယ်ဟန်မပျက်စီပဲပါဝါတည်ဆောက်ပါရေ'* လှတ်။

မလေးသျှားစာရီးဆရာကာရိမ်းရာဆလန်ကအမေရိကန်နန့်တရုတ်ဂေါင်းဆောင်နှစ်ယောက်၏ခရီးစဉ်တိနန့်ပက်သက်လို့ပြောဆိုရာမှာ *'အမေရိကန်သမ္မတက အကြမ်းဖက်မှု၊ အကြမ်းဖက်ဝါဒ၊ အကြမ်းဖက်သမား၊ အကြမ်းဖက်မှုတိုက်ဖျက်ရေး၊ အကြမ်းဖက်ဝါဒကျဆုံးရေး၊ အကြမ်းဖက်သမားတိကိုသုတ်သင်ရှင်းလင်းရေး ဆိုရေအကြောင်းအရာတိကိုဂျေးယာပြောဆိုလားခပါရေ။ ဟုတ်ပါရေ။ ကျွန်တော်ရို့လည်း အကြမ်းဖက်ဝါဒကို ရွံမုန်းပါရေ။ အကြမ်းဖက်ခံရမှုအတွက်စိုးရိမ်ပါရေ။ ယေကေလည်းယင်းချင့်တခုတည်းနန့်ကျွန်တော်ရို့ဘဝတိအားလုံးပုံအပ်ပီးထားရကာတ်ဖို့ပိုင်ပုံစံမျိုးကတော့ကေအလုပ်မဟုတ်ပါ။ ကျွန်တော်ရို့မှာတခြားလုပ်စရာတိအများကြီးဟိနီပါသိမ့်ရေ။ ကျွန်တော်ရို့စီးပွါးရေးကိုဇာပိုင်မျိုးပိုလို့တိုးတက်အောင်လုပ်ဖို့လဲ၊ စီးပွါးရေးတဟုန်ထိုးတက်လာနီရေတရုတ်ပြည်နန့် ဇာပုံစံမျိုးပူးပေါင်းဆက်ဆံဆောင်ရွက်လားဖို့လဲ၊ လူထုကျန်းမာရေးဆိုင်ရာပြဿနာတိကိုဇာပိုင်ရှင်းကတ်ရဖို့လဲ၊ လူမှုရေးနန့်သဘာဝပတ်ဝန်းကျင်ဆိုင်ရာတိ အစဟိရေလုပ်စရာတိအများကြီးနန့်ပါ။ တရုတ်ဂေါင်းဆောင်ကဒေချင့်တိကိုပြောလားခပါရေ။ သူပြောချင်စွာ၊သူစိတ်ဝင်စားစွာတခုတည်းကိုမဟုတ်ပဲကျွန်တော်ရို့ပြောချင်စွာ၊ ကျွန်တော်ရို့စိတ်ဝင်စားစွာတိကိုပါသူပြောလားခပါရေ'* လို့ သုံးသပ်ပြပါယင့်။

စည်းကမ်းနန့်ပျော့ပျောင်းညှင်သာမှုကိုအခြီခံမှုထားရေ တရုတ်ဂေါင်းဆောင်တိ၏သံတမန်ရေးမဟာဗျူဟာကျွမ်းကျင်မှုကြောင့်အိန်ဒိုနီးသျှားမှသည်ဘရာဇီးအထိ မိတ်ပေါင်းဆွီသဟာအများကြီးကို တရုတ်ရို့ ရဟိထားကတ်စွာသေချာပါရေ။

*(ဆက်လက်ဖေါ်ပြပါမည်။)*

The Arakan International
The Arakan International
နိုင်ငံတကာရေးရာရက္ခိုင်သတင်းစဉ်

# နဂါးပါတီ ကျားပါတီ (အပိုင်း–၇)

အမေရိကန်ကိုယှဉ်ပြိုင်ခရေဆိုဗီယက်နန့် လက်ဟိတရုတ်နန့် ပါဝါတည်ဆောက်ပုံကွာပါရေ။ တရုတ်ကပြဿနာကိုအတတ်နိုင်ဆုံးအမြဲရှောင်ရှားပါရေ။ ထိုက်တိုက်ရင်ဆိုင်မှုတိ ကို ကျွမ်းကျွမ်းကျင်ကျင်လိမ်လိမ်မာမာကိုင်တွယ်ပနာသူရို့အကျိုးစီးပွါးကိုလည်း မထိခိုက်စီပဲ သံတမန်နည်းအရ၊ မဟာဗျူဟာကျကျ ဖြေရှင်းတတ်ပါရေ။




ဥပမာထိုင်ဝမ်ကိစ္စကိုကြည့်ပါ။ တရုတ်ကထိုင်ဝမ်၏ရပ်တည်မှုပုံစံကို လက်ခံပါရေ။ သို့သော်သီးခြားနိုင်ငံထူထောင်မှုကိုတော့ကေလုံးဝလက်မခံကြောင်းသူက ပြတ်ပြတ်သားသားပြသထားပါရေ။ တနည်းအားဖြင့် ‘တရုတ်ပြည်တစ်ပြည်တည်း’ ဆိုရေမူဝါဒအပေါ်အခြေခံထားပြီးကေ ‘တိုင်းပြည်တစ်ပြည်တည်းစံနစ်နှစ်မျိုး’ ဆိုရေပေါ်လစီကိုလည်း သူရို့ကလက်ခံထားပြန်ပါရေ။ ‘တရုတ်ပြည် တစ်ပြည်တည်း’ ဆိုရေ ‘မူ’ ကို အမေရိကန်ကလည်းထောက်ခံထားပါရေ။ ထိုင်ဝမ်ကိစ္စနန့်ပက်သက်လာကေ တရုတ်အစိုးရက မကြိုက်တေစကားလုံးအသုံးအနှုန်းမျိုး၊ အပြောအဆိုမျိုးတိကိုအမေရိကန်ဖက်ကလည်း ရှောင်ရှားပြောဆိုလာစွာ အင်တန်ကြာပါယာ။

ဒေကိစ္စမှာတရုတ်ရို့၏မဟာဗျူဟာရေ ‘ကမ္ဘာ့ရှိအကျဆုံးသေနင်္ဂဗျူဟာကျမ်း’ ကို ရီးသားခရေတရုတ်စစ်ပညာသျှင် ဆန်ဇူး၏ **(The Art of War by Sun Tzu)** စစ်ကျမ်းထဲက ***“Every battle is won before it is fought”*** *‘စစ်ပွဲတိုင်းမှာ ယင်း၏အရှုံး/အနိုင်ကို စစ်မတိုက်ခင်ကပင်သိထားပြီးသားဖြစ်တေ’* ဆိုရေ ဗျူဟာ အယူအဆအပေါ်အခြီခံထားရေလို့ယူဆရပါရေ။

လက်ဟိတရုတ်အစိုးရရေကွမ်မြူနစ်အစိုးရလို့ဆိုစွာထက် ‘အမျိုးသားအစိုးရ’ ပုံသဏ္ဍာန်မျိုးကိုဖော်ဆောင်နီပါရေ။ တရုတ်အမျိုးသားရေးဝါဒကိုအခြေခံပါရေ။ တရုတ်အစိုးရအဖွဲ့၏မဟာဗျူဟာလေ့လာရေးဌါနကဆိုကေ အခြားကမ္ဘာ့အခြေအနေကိုလည်းမပြတ်သုံးသပ်နီကတ်ပါရေလှတ်။ တရုတ်ကွမ်မြူနစ်ပါတီထဲက နိုင်ငံရေးကျွမ်းကျင်သူတိရေတရုတ်အစိုးရ၏နိုင်ငံရေးဆိုင်ရာမူဝါဒတိနန့်ပက်သက်လို့အလျဉ်းသင့်ရေပိုင်ပြုပြင်ပြောင်းလဲမှုတိလုပ်ဖို့အတွက်ကို မပြတ်သုံးသပ်ဆွေးနွေးမှုတိလုပ်နီကြောင်း၊ အားကောင်းကောင်းနန့်လည်ပတ်နိုင်ရေအစိုးရယန္တရားပုံစံတိကိုသိဟိနားလည်ဖို့အတွက် စိန်ကာပူမှသည်ဆွီဒင်အထိ အစိုးရအရပ်ရပ်၏အုပ်ချုပ်မှုပုံသဏ္ဍာန်တိကိုလေ့လာသုံးသပ်မှုတိမပြတ်ပြုလုပ်နီရေလို့ ဆိုပါရေ။

ယင်းပိုင်ဆိုကေတရုတ်အစိုးရရေပြီးပြည့်စုံရေအစိုးရတစ်ရပ်လား။ အားနည်းချက်တိ၊ အမှားအယွင်းတိမဟိယာလားလို့မိန်းစရာဟိပါရေ။

ဒေချင့်ချေတိကိုတချက်ချေကြည့်ကတ်ပါမေ။

၂၀၀၃ ဂျူလိုင်မှာ ‘အစိုးရအပေါ် မဆန့်ကျင်ရမဝေဖန်ရေး’ ဥပဒေတစ်ရပ်ကိုဟောင်ကောင်မှာ ချမှတ်ကျင့်သုံးဖို့တရုတ်အစိုးရကကြိုးစားခပါရေ။ ယင်းကြိုးပမ်းမှုကြောင့်ဟောင်ကောင်သမိုင်းမှာ အကြီးမားဆုံးသောလူထုသပိတ်ကြီးပေါ်ပေါက်လာပြီးကေ ‘ပီကင်းဆန့်ကျင်ရေးဝါဒရေ အယင်ကထက်ပိုလို့များပြားနိုင်မာလာခြင်း’ ဆိုရေအခြင်းအရာကိုတရုတ်အစိုးရကလက်ခံလိုက်ရပါရေ။

*(ဆက်လက်ဖော်ပြပါမည်။)*

## နဂါးပါတီ ကျားပါတီ (အပိုင်း–၈)

နောက်ထပ်အနှုတ်လက္ခဏာဖြစ်လားစွာတစ်ခုကတော့ကေ အေပြီလမှာ (ကျောင်းသုံးသမိုင်းပြဋ္ဌါန်းစာအုပ်တိနန့်ပါက်သက်လို့) ဂျပန်ဆန့်ကျင်ရေး သပိတ်မှောက်လှုပ်ရှားမှုကြီးတရုတ်ပြည်မှာပေါ် ပေါက်ခပါရေ။ ဆန္ဒပြသမားတိကဂျပန်သံရုံးကို ကျောက်ခဲတိနန့်ပစ် ကတ်ပါရေ။ ဂျပန်ပစ္စည်းတိကိုသပိတ်မှောက်ဖို့တောင်းဆိုကတ်ပါရေ။ ဒေဆန္ဒပြမှုကို တရုတ်အစိုးရကနောက်ခံပြုထားရေလို့ ဂျပန် အပါအဝင်တခြားနိုင်ငံတိကယုံကြည်ကတ်ပါရေ။ (ရလဒ်ကတော့ကေ)တရုတ်အစိုးရ၏ရန်လိုမှု၊ ပါဝါပြလိုမှုသဖေါ်ကိုဆောင်ရေ ဒေ အပြုအမူတိကြောင့်ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံတိက ‘တရုတ်ပြည် သို့လက်နက်နန့်နည်းပညာရောင်းချမှုမလုပ်ရေး’ ပိတ်ပင်မှုကိုစွ ဂျုန်လမှာရုပ်သိမ်းဖို့လုပ်ထားရေအစီအစဉ်ကို ရွှေ့ဆိုင်းလိုက်ပါရေ။ ■




ကောင်းပါယင့်၊ တရုတ်အစိုးရ၏စီးပွါးရေးအကျပ်အတည်းကာလဖြေရှင်းနည်းတစ်ရပ်ကိုလည်းဖေါက်သည် ချချင်ပါရေ။စီးပွါးပျက်ကပ်အနီးအထားမျိုးပိုင်ကမ္ဘာနန့်အဝှမ်းစီးပွါးရေးအကျပ်အတည်းကာလမှာ တရုတ်အစိုးရ ရေ ဖေသာတိကို အလုံးအရင်းနန့်ပြည်တွင်းမှာထုတ်သုံး၊ တိုင်းပြည်၏အခြေခံအဆောက်အဦတိကိုလည်းဖန်တီး တည်ဆောက်ပြီးသားဖြစ်လားစီပြီးကေ ပြည်သူသန်းပေါင်းများစွာကိုလည်းအလုပ်အကိုင်နန့်ဝင်ငွေရ ပတိအောင်ဖန်တီးပီးရေနည်းလမ်းကိုသုံးပနာစီးပွါးပျက်ကပ်ကာလကိုကျော်လွှားလွန်မြောက်လားဖို့ဗျူဟာမျိုး အသုံးပြုစွာကိုတွိရ ပါရေ။

ဥပမာအားဖြင့် ၂၀၀၈ခုနှစ်ကမ္ဘာ့စီးပွါးရေးအကျပ်အတည်းကာလမှာ တရုတ်နိုင်ငံပြည်ပပို့ကုန်စုစုပေါင်း ၏ ၂၀ ရာနှုန်းနန့်ညီမျှရေ တရုတ်ယွမ် ၄ ထရီလီယံ (အမေရိကန်ဒေါ်လာ ဘီလီယံ ၅၈၀) ကို အိမ်ငှါးစျေးနှုန်း လျှော့ချရေး၊ တောပိုင်းဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ကားလမ်း၊ ရထားလမ်းနန့်လီယဉ်ပျံကွင်းတည်ဆောက်ရေး ဖက်တိမှာထုတ်သုံးပစ်လိုက်ပါရေ။ အစိုးရဘဏ်ကဖေသာတိကိုလုပ်ငန်းရှင်တိအပေါ်အလကားထုတ်ချီးပြီးကေ စီးပွါးပျက်ကပ်ကိုကျားကန်ပီးရေနည်းလမ်းမျိုးကို မသုံးဖြစ်အောင်ရှောင်ရှားလိုက်ခြင်းမျိုးပါ။

ကောင်းပါယာ။ နိုင်ငံကြီးသလောက်၊ လူဦးရေများသလောက်၊ သမိုင်းကြောင်းလည်းရှည်လျားလွန်းရေ တရုတ်ပြည်၏ အကောင်းအဆိုးအကျိုးအကြောင်းတိကို အတိုင်းအတာတစ်ခုထိရီးသားတင်ပြပြီးရေနောက်မှာ တရုတ်ပြည်ဆိုင်ရာ အထင်ကရအချက်အလက်ချေတိကို စကေ့ချေလောက်ဆွဲထုတ်ကြည့်ကတ်ပါမေ။




*တရုတ်ပြည်၏အထင်ကရတီထွင်မှုများဖြစ်သည့် သံလိုက်အိမ်မြှောင်၊ ယမ်း၊ စက္ကူ နှင့် ပုံနှိပ်လုပ်ငန်းများကို ထည့်သွင်းဖော်ပြထားသည့် တရုတ်ပြည်မှ စာပို့တံဆိပ်ခေါင်း*

● ကမ္ဘာ့လူသားများ၏ ဖွံ့ဖြိုးတိုးတက်မှုသမိုင်းစဉ်ထဲမှာ ယမ်းကိုလည်းကောင်း၊ သံလိုက်အိမ်မြှောင်ကိုလည်းကောင်း၊ စက္ကူကိုလည်းကောင်း၊ ပုံနှိပ်ခြင်းအတတ်ပညာကိုလည်းကောင်း အစဦး တီထွင်ခဲကတ်သူများမှာရှီးပေါင်း တရုတ်လူမျိုးတိပါ။

● ကာကွယ်ရေးအသုံးစရိတ် တစ်နှစ်ကိုအမေရိကန်ဒေါ်လာ ၁၇၇ ဘီလီယံ (အမေရိကန်ပြီးကေကမ္ဘာ့ဒုတိယကာကွယ်ရေးဘက်ဂျက်အများဆုံးနိုင်ငံ)သုံးစွဲပြီးကေစစ်သားဦးရေ ၂.၅ သန်းဟိရေတရုတ်စစ်တပ်ရေကမ္ဘာ့အကြီးဆုံးစစ်တပ်ပါ။

● အေနို့တရုတ်နိုင်ငံရေကမ္ဘာ့ထုတ်ကုန်တင်ပို့မှုအများဆုံးနိုင်ငံဖြစ်ပါရေ။

● တရုတ်ပြည်ရေ ကမ္ဘာ့ပြည်တွင်းထုတ်ကုန်စုစုပေါင်းတန်ဖိုး (GDP) ဒုတိယအများဆုံးနိုင်ငံပါ။

● လူဦးရေသန်းပေါင်း ၁၄၀၀ ကျော်ဟိရေတရုတ်ပြည်ရေ ကမ္ဘာ့လူဦးရေအများဆုံးနိုင်ငံပါ။ တစ်နည်းအားဖြင့် ကမ္ဘာကြီးထဲက လူ ၅ ယောက်တိုင်းမှာ တစ်ယောက်စွာ တရုတ်ပါ။

● ဧရိယာအကျယ်အဝန်းအားဖြင့် ကမ္ဘာ့စတုတ္ထမြောက်အကြီးဆုံးနိုင်ငံဖြစ်တေတရုတ်ပြည်မှာ စံတော်ချိန်တစ်ခုတည်းကိုအသုံးပြုပါရေ။ အချိန်အပိုင်းအခြားဇုန်ခွဲခြားသတ်မှတ်ထားခြင်းမဟိပါ။ ယေဇူးနန့် တရုတ်ပြည်အရှေ့ပိုင်းဒေသမှာမိုးထ ၆ နာရီမှာနီထွက်ကေလည်းတရုတ်ပြည်အနောက်ပိုင်းဒေသမှာ မိုးထ ၁၀ နာရီမှ နီထွက်တေလို့ဆိုပါရေ။

● မီးရထားလမ်းတိကိုတိုင်းပြည်တစ်နံတစ်လျှားဖေါက်လုပ်လားလာရေတရုတ်ပြည်ထဲကမီးရထားလမ်းတိအားလုံးကိုဆက်စပ်ဆွဲဆန့်လိုက်ဖို့ဆိုကေကမ္ဘာကိုနှစ်ပတ်လောက် ပတ်မိနိုင်လောက်အောင်ရှည်ရေလို့ဆိုပါရေ။

● တရုတ်လူဦးရေ ၃၀ သန်းကျော်လောက်ရေ ဂူတိထဲမှာနီထိုင်နိန်ကတ်တုန်းပါလှတ်။

● ကမ္ဘာ့ ဝက်ကောင်ရေအားလုံး၏ တစ်ဝက်စွာတရုတ်ပြည်ထဲမှာပါ။

● တရုတ်စကားသံအရ ချမ်းသာကြွယ်ဝခြင်း ဆိုရေစကားလုံးနန့်အသံထွက်ဆင်တူရေ ၈ (ရှစ်) ဂဏန်းကို တရုတ်ရို့၏ ကံကောင်းခြင်းနံပါတ်တစ်ခုအဖြစ်မှတ်ယူထားကတ်ပါရေလှတ်။

ယင်းလောက်ဆိုကေ ကမ္ဘာ့အရှို့ဖျားကတရုတ်နဂါးကြီးနန့်ပက်သက်လို့ အကောင်းအဆိုး၊ အကျိုးအကြောင်းတိ အတိုင်းအတာတစ်ခုထိခြုံငုံ သုံးသပ်ဖြစ်လားပြီးယာလို့ထင်ပါရေ။

(ဆက်လက်ဖေါ်ပြပါမည်။)

The Arakan International
The Arakan International
နိုင်ငံတကာရေးရာရက္ခိုင်သတင်းစဉ်

# နဂါးပါတီ ကျားပါတီ (အပိုင်း–၉) (မောင်သာပေါ် – ရမ်းဗြဲ)

ကမ္ဘာ့အရှိန်ဖျားကတရုတ်နဂါးကြီး၏တက်လာနီရေ စီးပွါးရေး၊ နိုင်ငံရေးမျက်နှာစာအပိုင်းတိကို အတန်အသင့် တင်ပြအပြီးမှာအေဂုတခါ အာရှက ကျားတိဖက်ကို (သို့မ ဟုတ်) အာရှက စီးပွါးရေးပါဝါရှင်နိုင်ငံတိဖက်ကို စကေ့ချေ လောက်လှည့်ကြည့်ကတ်ပါမေ။




'ဂျပန်'

'အာရှကျား' လို့ပြောလိုက်စွာနန့်ပထမဦးဆုံး ပြီး လို့မြင်လိုက်စွာရေ 'ဂျပန်' ဖြစ်ပါလိမ့်မေ။ ဟုတ်ပါရေ။ အေနို့အချိန်မှာဂျပန်ရေအာရှကျားမဟုတ်ပါ။ ကမ္ဘာ့ကျားပါ။ အမေရိကန်နန့်တရုတ်ပြီးကေ ကမ္ဘာ့တတိယမြောက်စီးပွါး ရေးအင်အားအကြီးဆုံးနိုင်ငံပါ။

အထီးကျန်ကျွန်းနိုင်ငံအဖြစ်ကနီခေတ်မှီတိုးတက်တေ ဖွံ့ဖြိုးပြီးနိုင်ငံတစ်နိုင်ငံအဖြစ်အေနို့ကျွန်တော်ရို့မြင် တို့နီရရေဂျပန်ရေပြည်သူ့လွှတ်တော်အခြေပြုနိုင်ငံအုပ်ချုပ်ရေးစံနစ်ကိုစတင်တည်ထောင်ခြင်း၊နိုင်ငံ့အရေးအရာတိ ကိုကိုင်တွယ်လုပ်ဆောင်ရာမှာဂျပန်လူ့အလွှာအားလုံးပါဝင်နိုင်ရေးအတွက်စီမံဆောင်ရွက်ခြင်း၊ ဂျပန်လူနီမှုစံနစ် ထဲကလူမှုအဆင့်အတန်းကြီးကြီးမားမားခွဲခြား၊ ကွဲပြားနီမှုတိကိုလျှော့ချပနာနိုင်ငံကုန်ထုတ်လုပ်ငန်းစဉ်ထဲမှာ လူ တန်းစားအားလုံးကိုပါဝင်စီရေးအတွက်စီမံခန့်ခွဲခြင်း၊ တရားဥပဒေ တိတိကျကျစိုးမိုးရေးနန့်အပြည်ပြည်ဆိုင်ရာ အတွေးအမြင်၊ဗဟုသုတတိကိုရှာမှီးစုဆောင်းပနာကိုယ့်လူမှုအဖွဲ့အစည်းအုတ်မြစ်ချထူထောင်ရာမှာစံနစ်တကျ အသုံးချခြင်း – အစဟိရေဂျပန်နိုင်ငံတိုးတက်ခေတ်မှီဖို့အတွက်လိုအပ်တေပြုပြင်ပြောင်းလဲမှုဟူသမျှကို နှစ်ဆယ် ရာစုနှောင်းပိုင်းနန့်နှစ်ဆယ့်တစ်ရာစုအစောပိုင်းမှာ သတ္တိဟိဟိ၊ အမြော်အမြင်ဟိဟိလုပ်ဆောင်ခရေ ဘုရင်ကြီး မေဂျိ၏ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ် (**Meiji Restoration**) ထဲကအခြေတည်ပေါ်ထွက်လာစွာပါ။

ကုမ္ပဏီကြီးတိ၊စီးပွါးရေးလုပ်ငန်းရှင်တိနန့်ပူးပေါင်းဆောင်ရွက်ရေးမူကိုချမှတ်ထားရေဂျပန်အစိုးရ၏စီးပွါး ရေးဆိုင်ရာပေါ်လစီ၊ငွေကြေးတောင့်တင်းခိုင်မာသလောက်ဂျပန်ကုမ္ပဏီကြီးတိအပေါ်ကျားကန်ထားပီးရေဂျပန်ဘဏ် (**Bank of Japan**)၊ အလုပ်ကိုကျားကုတ်ကျားခဲကြိုးစားလုပ်ကိုင်တတ်တေ(ဂျပန်လူမျိုးရို့၏)သဘာဝ၊ (ကုန် ထုတ်လုပ်မှုဆိုင်ရာ)အဆင့်မြင့်နည်းပညာရပ်တိကိုကျယ်ကျယ်ပြန့်ပြန့်၊ကျွမ်းကျွမ်းကျင်ကျင်ပိုင်ဆိုင်ထားဟိမှု၊ (ပြည်တွင်းထုတ်လုပ်မှုတန်ဖိုး(**GDP**)၏ ၁ ရာနှုန်းသာသာရာဟိရေ)ကာကွယ်ရေးအသုံးစရိတ်နည်းပါးမှု –

အစဟိရေ အကြောင်းအချက်တိကဂျပန်နိုင်ငံကိုကမ္ဘာ့စီးပွါးရေးအင်အားကြီးနိုင်ငံဖြစ်လာအောင် တွန်းပို့လိုက်စွာပါ။

ဂျပန်စီးပွါးရေးဆိုင်ရာလုပ်ငန်းတိမှာ စိတ်ဝင်စားစရာ(သို့မဟုတ်)ထင်သာမြင်သာရေအချက်တစ်ခုက 'ကိုင်ရတ်စု'(**Keiretsu**) လို့ခေါ်ရေ 'အားလုံးအတူတူအကန့်လိုက်စုပေါင်းလုပ်ဆောင်ခြင်း' အခြင်းအရာလို့ ဆိုပါရေ။ ထုတ်လုပ်ရေးသမား၊ ထောက်ပံ့ရေးသမား၊ ဖြန့်ချိရေးသမားတိအားလုံး လုပ်ငန်းတစ်ခုနန့်တစ်ခု၊ (လုပ်ငန်းသဘာဝချင်းတူရေ) ကုမ္ပဏီတိတစ်ခုနန့်တစ်ခုချိတ်ဆက်ပနာအုပ်စုဖွဲ့လုပ်ကိုင်ဆောင်ရွက်တေပုံသဏ္ဍာန်ကို ဖေါ်ဆောင်လုပ်ကိုင်မှုစံနစ်ပါ။ ကုမ္ပဏီတချို့ဆိုကေကုန်ထုတ်လမ်းကြောင်းအရှည်ကြီးအစဉ်အတိုင်းလားနီဖို့ အစားအကန့်လိုက်ထုတ်လုပ်တေ (**cell system**) စံနစ်ကိုအသုံးပြုရေလို့ဆိုပါရေ။ ဂျပန်စီးပွါးရေးတိုးတက်မှု၏နောက်ထပ် အခရာကျရေအခြင်းအရာတစ်ရပ်ကအလုပ်သမားတိကို လုံလောက်တေအာမခံချက်ပီးထားမှုလို့ဆိုပါရေ။

စိုက်ပျိုးမြေဧရိယာနည်းပါးမှုကြောင့်စိုက်ပျိုးရေးဆိုင်ရာမှာအခက်အခဲတိဟိနီသည့်တိုင် ကမ္ဘာ့စိုက်ပျိုးရေးလုပ်ငန်းထွက်ကုန်တွင်ကျယ်မှုအမြင့်ဆုံးနိုင်ငံတိထဲမှာဂျပန်နိုင်ငံပါဝင်ပါရေ။ ဂျပန်၏အဓိကစိုက်ပျိုးရေးသွင်းကုန်တိကတော့ကေဆန်နန့်ဂျုံအပါအဝင်အခြားကောက်ပဲသီးနှံအချို့ပါ။ နိုင်ငံတွင်းစားသုံးမှု၏ ၅၀ရာနှုန်း(တစ်ဝက်)ကိုနှစ်စဉ်နိုင်ငံခြားကဝယ်ယူတင်သွင်းရရေလို့ ဆိုပါရေ။ ဂျပန်မှာအခြားတွင်ကျယ်ရေလုပ်ငန်းတစ်ခုကငါးဖမ်းလုပ်ငန်းပါ။ ၂၀၀၆ ခုနှစ်က ငါးတန်ချိန် ၄ သန်းကျော်ဖမ်းယူခပြီးကေ တစ်ကမ္ဘာလုံးမှာဖမ်းရေငါးအားလုံး၏ ၈ ရာနှုန်းကိုဂျပန်ကဖမ်းယူနီစွာပါ။

တိုသျိဘာ၊ ဟွန်ဒါ၊ နီဆန်း၊ မာဇဒါ၊ ဆိုနီ၊ မိဆူသျိတာ၊ တိုယိုတာ၊ ဟိတာသျိ အစဟိရေ ကမ္ဘာကျော်ကုမ္ပဏီကြီးတိပါဝင်နီရေဂျပန်စက်မှုလုပ်ငန်းကတော့ကေဂျပန်စီးပွါးရေး၏အဓိကဒေါက်တိုင်ကြီးပါ။ ပြည်တွင်းထုတ်လုပ်မှုတန်ဖိုးစုစုပေါင်း–ဂျီဒီပီ၏၂၇ ရာနှုန်းကျော်ကို စက်မှုလုပ်ငန်းတိကရနီစွာလို့ဆိုပါရေ။

ရှိရှည်မှာဂျပန်အစိုးရဂရုစိုက်စဉ်းစားရဖို့ကိစ္စတိက အစိုးရမှာတင်ဟိနီရေ (အမေရိကန်ဒေါ်လာ ၁၀ ထရီလီယံဝန်းကျင်) ဒါဒေါင်ကျနီရေ (အကြွေးမြီ)ကိစ္စ၊ သက်ကြီးရွယ်အိုတိများလာနိန်ရေကိစ္စနန့် ကုန်ထုတ်လုပ်ငန်းတိမှာစက်ရုပ်သုံးစွဲမှုကျယ်ပြန့်လာနီခြင်းတိပင်ဖြစ်တေလို့ဆိုပါရေ။ လူသားအလုပ်သမားတစ်သောင်းတိုင်းမှာကုန်ထုတ်စက်ရုပ် ၃၀၃ သုံးစွဲရေဂျပန်နိုင်ငံရေ ကမ္ဘာ့စတုတ္တမြောက်စက်ရုပ်သုံးစွဲမှုအများဆုံးနိုင်ငံဖြစ်ပြီးကေ တစ်ကမ္ဘာလုံးမှာသုံးစွဲနီရေ စက်ရုပ်စုစုပေါင်း၏ တစ်ဝက်ကျော်ကို ဂျပန်ကထုတ်လုပ်စွာပါ။

ပျမ်းမျှသက်တမ်း ၈၅.၃ နှစ်ဟိရေဂျပန်လူမျိုးတိရေကမ္ဘာမှာအသက်အရှည်ဆုံးလူမျိုးပါ။ အသက်ကြီးရေလူများလာမှုနန့် မွေးဖွါးနှုန်းကျဆင်းမှုပြဿနာကြောင့်ပြည်တွင်းလုပ်သားအင်အားပြတ်ထွက်လားမှုမဖြစ်ရအောင်ဂျပန်အနီးနန့် လာဖို့နှစ်ပိုင်းတိမှာပြည်ပက လူငယ်လူရွယ်အလုပ်သမားတိကိုပိုမိုခေါ်ယူတင်သွင်းမှုတိလုပ်လာနိုင်ရေလို့တချို့ကဆိုပါရေ။ ယေကေလည်းကုန်ခရေနှစ်ပိုင်းတိအတွင်းမှာ ပြည်ပကဝင်ရောက်လာရေအလုပ်သမားတချို့ရေ ရာဇဝတ်မှုတိမှာပါဝင်ပက်သက်မှုတိအများကြီးဟိခကတ်တေအတွက်ပြည်ပကအလုပ်သမားသစ်တိတင်သွင်းဖို့အစီအစဉ်ကိုဂျပန်လူမျိုးတိယင်းလောက်ထိ ခမြိုင်ငံမကျလို့ဆိုပါရေ။

ယေနန့်တစ်ချိန်တည်းမှာပင် ဂျပန်လူမျိုးရို့၏ ကရာတေး၊ ဂျူဒို အစဟိရေကိုယ်ခံပညာရပ်တိကမ္ဘာအန့်ရီပမ်းစားနီရေပိုင် ရက္ခိုင်ရို့၏ ခွန်အား၊ ကြံ့ခိုင်မှု၊ စည်းကမ်းနန့် ကိုယ်ခန္ဓာဟန်ချက်ထိန်းနည်းပညာတိကိုပေါင်းစပ်ထားရေ 'ကျင်' အားကစားသည်လည်းအနာဂါတ်တစ်ချိန်ချိန်မှာ ကမ္ဘာ့အိုလံပစ်တန်းဝင်အားကစားတစ်ရပ်ဖြစ်လာနိုင်ရေမဟုတ်ပါလား။ ။

*(ဆက်လက်ဖေါ်ပြပါမည်။)*

The Arakan International

The Arakan International

နိုင်ငံတကာရေးရာရက္ခိုင်သတင်းစဉ်

# နဂါးပါတီ ကျားပါတီ (အပိုင်း–၁၀) (မောင်သာပေါ် – ရမ်းဗြဲ)

ကမ္ဘာ့အရှိဖျားကတရုတ်နဂါးကြီး၏ တက်လာနီရေ စီးပွါးရေး၊ နိုင်ငံရေးမျက်နှာစာ ပိုင်း၊ အာရှ၏စီးပွါးရေးပါဝါရှင် ဂျပန်ကိုပြီးကေ အေဂုတစ်ခါအာရှ၏စီးပွါးရေးအင်အားကြီး နိုင်ငံတစ်ရပ်ဖြစ်တေ အိန္ဒိယဖက်ကိုလားလည် ကတ်ပါမေ။




'အိန္ဒိယ'

မိရိုးဖလာ အခြီခံငါးဖမ်းလုပ်ငန်း၊ ခေတ်မှီလယ်ယာစိုက်ပျိုးရေးလုပ်ငန်း၊ လက်မှု ပညာလုပ်ငန်း၊ ခေတ်မှီစက်မှုလုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်း အစဟိရေတစ်ခုနန့်တစ်ခု မတူကွဲပြားရေလုပ်ငန်းရပ်တိ အများကြီးနန့် အတူအနာ ဂါတ်၏စီးပွါးရေးပါဝါရှင်နိုင်ငံတစ်ခု အဖြစ်ကမ္ဘာ၏အသိ အမှတ်ပြုခံထားရရေအာရှကနောက်ထပ်နိုင်ငံကြီးတစ်နိုင်ငံကတော့ကေ ကမ္ဘာ့ဒုတိယ မြောက်လူဦးရေအများဆုံးနိုင်ငံ (သန်းပေါင်း ၁၃၀၀ကျော်)၊ ဧရိယာအားဖြင့်ကမ္ဘာ့နံပါတ်(၇)ခုမြောက် အကြီးဆုံး နိုင်ငံ၊ ဗုဒ္ဓဘာသာ၊ ဟိန္ဒူဘာသာ၊ ဂျိန်းဘာသာ၊ ဆိခ်ဘာသာအစဟိရေကမ္ဘာ့ဘာသာကြီးများစွာ၏အခြီတည် ရာနိုင်ငံ၊ကမ္ဘာ့ကုန်သွယ်မှု သမိုင်း၏အချက်အချာနယ်မြီခံနိုင်ငံဖြစ်တေအိန္ဒိယနိုင်ငံပါ။

တစ်နိုင်ငံလုံးလုပ်သားဦးရေ၏ ၄၄ ရာနှုန်းရေ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းထဲမှာ အလုပ်လုပ်နီကတ် သည့်တိုင်ဝန်ဆောင်မှုအပါအဝင်အခြားလုပ်ငန်းရပ်တိကရရေဝင်ငွီရေ နိုင်ငံ့စီးပွါးရေးဖွံ့ဖြိုးမှုအတွက်အဓိက အခရာကျရေလို့ဆိုပါရေ။ အယင်ကဆိုကေအိန္ဒိယနိုင်ငံရေ တိုင်းရင်းသားတိကို ဦးစားပီးလိုင်စင်ချပီးရေ **(License Raj)** စနစ်ကို ကျင့်သုံးခရေ နိုင်ငံတစ်နိုင်ငံဖြစ်ပါရေ။ အိန္ဒိယ၏ မူလတိုင်းရင်းသားလူမျိုးပိုင်ကုမ္ပဏီ နန့်လုပ်ငန်းရပ်တိကိုအစိုးရကတိုက်ရိုက်ထောက်ခံအားပီးပါရေ။ နိုင်ငံခြားသားပိုင်လုပ်ငန်းတိကိုတော့ကေ အကန့်အသတ်နန့်လုပ်ပိုင်ခွင့်ပီးထားရေသဖောပါ။ ယေအတွက်နန့်အိန္ဒိယနိုင်ငံထဲကို နိုင်ငံရပ်ခြားရင်းနှီးမြုပ်နှံမှု တိရေအကန့်အသတ်နန့်ရာဝင်လာခပါရေ။ ယေကေလည်းယင်းစနစ်အောက်မှာပင်ဇရာမစီးပွါးရေးအဆောက်



ကမ္ဘာ့အံ့ဖွယ်များထဲတွင် တစ်ခုအပါအဝင်ဖြစ်သည့် အိန္ဒိယနိုင်ငံမှ တာဂျ်မဟာ

အဦးတိကိုတည်ဆောက်လာနိုင်ရေ အိန္ဒိယနွယ်ဖွါးတိကိုလည်းပေါ်ထွန်းစီခပါရေ။ ဥပမာ အိန္ဒိယနိုင်ငံ၏အကြီးဆုံးလုပ်ငန်းစုကြီးဖြစ်တေ တာတာအုပ်စု **(TaTa Group)**။ ကုမ္ပဏီပေါင်း၉၀ကျော်နန့် ဖွဲ့စည်းထားရေ တာတာအုပ်စုအောက်မှာ အာရှတိုက်၏ဒုတိယအကြီးဆုံးဆော့ဖ်ဝဲကုမ္ပဏီ**(TCS)**လည်းပါဝင်ပါရေ။ ခြည်စက်လုပ်ငန်းချေနန့် စတင်ခရေ ဂျမ်ဆတ်ဂျီတာတာရေစီးပွါးရေးကိုယ့်အားကိုယ်ကိုးစနစ် **(Swadeshi)** ကိုယုံကြည်သူတစ်ဦးဖြစ်ပြီးကေ ယင်းကိုယ့်အားကိုယ်ကိုးဝါဒရေ ဂန္ဒီဝါဒ၊ ယင်းနောက်ပိုင်း ဝန်ကြီးချုပ်နေရူးနန့် သမီးအိန္ဒိရာဂန္ဒီရို့ဝါဒတိနန့်ဦးတည်ချက်ချင်းတူရေအတွက်တာတာကုမ္ပဏီရေအစိုးရအဆက်ဆက်၏တိုက်ရိုက်ထောက်ခံအားပီးမှုတိကိုရပနာတိုးတက်ကြီးပွါးလာရေကုမ္ပဏီတစ်ခုပါ။

၁၉၉၁ခုနှစ်ကစပြီးကေအိန္ဒိယအစိုးရရေနိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတိကိုလွတ်လွတ်လပ်လပ် ဖွင့်ပီးလိုက်ပါရေ။ (ဆိုရှယ်လိဆန်ဆန်ဝါဒတစ်ခုဖြစ်တေ) နေရူးစီးပွါးရေးဝါဒ **(Nehrunomics)**ကိုဝဲပစ်လိုက်တေနောက်ပိုင်း ကပင်စလို့အိန္ဒိယနိုင်ငံရေကြီးမားရေအလျှင်နှုန်းတစ်ရပ်နန့်အတူ ရှို့ကိုတက်လာနီစွာလို့လည်းပြောကတ်ပါယင့်။

၂၀၀၄ ဒီဇိမ်ဘာမှာ ဆူနာမီဘေးဒဏ်ကြောင့်လူပေါင်း ၆၀၀၀၀(ခြောက်သောင်း)ကျော် သီဆုံးလားခရေအတွက်အတိဒုက္ခရောက်တေပြည်သူတိ၊နိုင်ငံ့ငါးဖမ်းလုပ်ငန်းအပေါ်ထိခိုက်မှုတိ ဟိနီသည့်တိုင်အိင်္ဂလိပ်ချ်စာနန့် အိင်္ဂလိပ်ချ်စကားကျွမ်းကျင်ပိုင်နိုင်မှု၊ သန်းပေါင်းများစွာသော ခေတ်ပညာတတ်လုပ်သားအင်အားစုကြီးတိကြောင့် အေနို့အချိန်မှာအိန္ဒိယရေဂျပန်နန့်တရုတ်ပြည်ပြီးကေအာသျှတိုက်၏ တတိယမြောက်စီးပွါးရေးအင်အားအကြီးဆုံးနိုင်ငံပါ။ စစ်သားဦးရေ တစ်သန်းခွဲနီးပါးဟိရေအိန္ဒိယစစ်တပ်ရေ တရုတ်စစ်တပ်ပြီးကေ ကမ္ဘာ့ဒုတိယအကြီးဆုံးစစ်တပ်ပါ။

၂၀၁၈ အေပြယ်လမှာထုတ်ပြန်ရေ အပြည်အပြည်ဆိုင်ရာငွေကြေးရံပုံငွေအဖွဲ့**(IMF)**၏ စာရင်းအရ ပြည်တွင်းစုစုပေါင်းထုတ်လုပ်မှုတန်ဖိုး ဂျီဒီပီ – အမေရိကန်ဒေါ်လာ ၂.၆ ထရီလီယံကျော်ဟိနီရေအိန္ဒိယ၊ အမေရိကန်ဒေါ်လာ သန်းတစ်ထောင်နန့်အထက်ချမ်းသာရေ ဘီလီယံနာပေါင်း ၁၃၀ ကျော်ဟိရေအိန္ဒိယ၏နေအင်အားရေအာရှအဆင့် (၃)၊ ကမ္ဘာ့အဆင့် (၇) မှာ ရောက်နီပါယာ။

*(ဆက်လက်ဖော်ပြပါမည်။)*